WFP

World Food Programme

SAVING LIVES
CHANGING LIVES

# WORLD BANK: MYANMAR COMMUNITY RESILIENCE PROJECT

## Executive Summary

SEPTEMBER 2022

## World Bank: Myanmar Community Resilience Project

## Executive Summary

အနှစ်ချုပ် တင်ပြခြင်း

Under the Myanmar Community Resilience Project (MCRP), the World Bank will be supporting World Food Programme's (WFP's) proposed interventions within the scope of its life-saving food and nutrition assistance to conflict-affected populations in Chin, Rakhine, Kachin and Shan states in Myanmar. The objective of the MCRP is to maintain and build resilience of vulnerable populations to enable their future development.

မြန်မာနိုင်ငံတွင် လူထုပြန်လည်နာလန်ထူရေးစီမံကိန်း (MCRP) ၌ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က အဆိုပြု လာသည့် ကြားကာလ ထောက်ပံ့ရေးအစီအစဉ်များတွင် ချင်း၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ပဋိပက္ခဒဏ်ခံ လူထုများအား အသက်ဆက်ရှင်သန်ရန် ဖူလုံသည့် စားနပ်ရိက္ခာနှင့် အာဟာရ အထောက်အပံ့ပေးအပ်ရေးအတွက် ကမ္ဘာ့ဘဏ်က WFP အား ပံ့ပိုးမည်ဖြစ်သည်။ MCRP စီမံကိန်း၏ ရည်ရွယ်ချက်မှာ ထိခိုက်လွယ်လူထုက ၄င်းတို့၏ အနာဂတ် တိုးတက်ဖွံ့ဖြိုးရေးကို ၄င်းတို့ကိုယ်တိုင် ဆောင်ရွက်နိုင်စေရန် ထိုလူထုအတွက် နာလန်ထူနိုင်စွမ်းကို တည်ဆောက် ထိန်းသိမ်းပေး ရန် ဖြစ်သည်။

WFP interventions under the Project will support targeted relief and nutrition assistance through food transfers and cash-based transfers to populations affected by crisis, as well as provision of specialized nutritiousfoods to pregnant and lactating women and adolescent girls and children under 5 in Chin, Rakhine, Kachin and Shan States.

ဤစီမံကိန်းအရ ဆောင်ရွက်သည့် WFP ၏ ကြားကာလအထောက်အပံ့များတွင် အသက်ဆက် ရှင်သန်ရန် ဖူလုံ စေမည့် ကယ်ဆယ်ရေးနှင့် အာဟာရဆိုင်ရာ အထောက်အပံ့များကို အကြပ်အတည်း ဒဏ်ခံလူထုအား စားနပ်ရိက္ခာဖြန့်ဝေမှုနှင့် ငွေသားထောက်ပံ့မှု နည်းလမ်းများဖြင့် ထောက်ပံ့သည့် အပြင်၊ချင်း၊ရခိုင်၊ကချင် နှင့် ရှမ်းပြည်နယ်များရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အရွယ်ရောက်စ မိန်းကလေးများနှင့် အသက်(၅)နှစ် အောက် ကလေးများအားလည်း အထူးစီမံထားသည့် အာဟာရ မှုန့်များကို ထောက်ပံ့သည်။

This Environmental and Social Management Framework (ESMF) has been prepared to identify the potential environmental and social risks and impacts of proposed Project activities and propose suitable mitigation measures to manage these risks and impacts. It maps out the general WFP and World Bank policies appliable for the Project, and describes the principles, approaches, implementation arrangements, and environmental and social mitigation measures to be followed.

အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းစဉ်များကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင် ချေများနှင့် သက်ရောက်မှုများကို ဖေါ်ထုတ်သတ်မှတ်ပြီး ထိုထိခိုက်ဆုံးရှုံးနိုင်ချေများနှင့် သက်ရောက်မှုများကို စီမံခန့်ခွဲမှု အတွက် သင့်လျော်သည့် လျှော့ပါးသက်သာစေရေး အစီအမံများကို အဆိုပြုတင်ပြရန် ဤပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) ကိုရေးဆွဲထားသည်။ထိုမူဘောင် တွင် စီမံကိန်းနှင့် ဆီလျော်သည့် WFP နှင့် ကမ္ဘာ့ဘဏ်တို့၏ မူဝါဒများကို ထည့်သွင်းရေး ဆွဲထားသည့် အပြင် လိုက်နာကျင့်သုံးရမည့် အခြေခံမူများ၊ ချဉ်းကပ်နည်းများ၊

စီမံကိန်းအကောင်အထည်ဖေါ် ဆောင်ရွက်ရန် ပြင်ဆင်စီမံမှုများနှင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေလျှော့ချမှု အစီအမံများကိုလည်း ဖေါ် ပြထားသည်။

The potential environmental and social risks for project activities are identified as:

စီမံကိန်း လုပ်ငန်းစဉ်များကြောင့် ပေါ်ပေါက်လာနိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက် ဆုံးရှုံးနိုင်ချေ များကို အောက်ပါကဲ့သို့ ဖေါ်ထုတ်သတ်မှတ်ထားသည်။

- Potential exclusion of disadvantaged or vulnerable households;
- Potential exclusion of ethnic minorities due to access challenges or language barriers;
- Risks to project workers (including health and safety risks, security risks, child labor or forced labor, COVID-19 risks, and sexual exploitation and abuse risks);
- Risks to community members (including safety and security risks, discrimination or exclusion, COVID 19 risks, and sexual exploitation and abuse risks);
- Solid waste management risks from inappropriate disposal of food packaging;
- Food safety risks that may stem from improper storage, transport or distribution of food assistance; and
- Potential for insufficient stakeholder engagement and grievance management.

- အကျိုးခံစားခွင့်မရှိသည့် သို့မဟုတ် ထိခိုက်လွယ်သော အိမ်ထောင်စုများ ချန်လှပ်ခံထားမည့် အလား အလာ။
- သွားလာရန်လက်လှမ်းမမီသည့် သို့မဟုတ် ဘာသာစကားအရ အခက်အခဲရှိသည့် လူနည်းစု မျိုးနွယ်စုများ ချန်လှပ်ခံထားမည့် အလားအလာ။
- စီမံကိန်းလုပ်သားများအတွက် ထိခိုက်ဆုံးရှုံးနိုင်ချေ ( ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ထိခိုက် ဆုံးရှုံးနိုင်ချေများ၊ လုံခြုံရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေများ၊ ကလေးအလုပ်သမား သို့မဟုတ် အဓမ္မ စေခိုင်းခံရသူများရှိလာနိုင်ခြင်း၊ ကိုဗစ်-၁၉ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု နှင့် စော်ကားမှု ကြုံရနိုင်ချေများ )
- လူထုအတွက် ထိခိုက်ဆုံးရှုံးနိုင်ချေများ(ဘေးကင်းလုံခြုံမှု နှင့် လုံခြုံရေးဆိုင်ရာ ထိခိုက်ဆုံးရှုံး နိုင်ချေများ၊ ခွဲခြားဆက်ဆံခံရခြင်း သို့မဟုတ် ချန်လှပ်ခံရခြင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက် ဆုံးရှုံးနိုင်ချေ နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှု ကြုံရနိုင်ချေများ)
- အစားအသောက် ထုပ်ပိုးပစ္စည်းများကို စနစ်မကျသော စွန့်ပစ်မှုကြောင့် အမှိုက်အစိုင်အခဲ စီမံခန့်ခွဲမှု ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေ
- စားနပ်ရိက္ခာအထောက်အပံ့များကို စနစ်မကျသော သိုလှောင်မှု၊သယ်ယူပို့ဆောင်မှု သို့မဟုတ် ဖြန့်ဝေမှု ကြောင့် ဖြစ်လာနိုင်သည့် အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ ထိခိုက်ဆုံးရှုံး နိုင်ချေ၊ နှင့်
- ဆက်စပ်ပတ်သက်သူများ လုံလောက်စွာပါဝင်မှု မရှိခြင်းနှင့် တုံ့ပြန်ဖြေကြားရေးနည်းလမ်း စီမံခန့်ခွဲမှု အားနည်းနိုင်ခြင်း

These risks will be managed and mitigated through the application of:

အဆိုပါ ထိခိုက်ဆုံးရှုံးနိုင်ချေများကို အောက်ပါနည်းလမ်းများအား အသုံးပြုကာ စီမံခန့်ခွဲ၊ လျှော့ချ သွားမည်ဖြစ် သည်။

- The project’s operational design for targeting and selection of communities and beneficiaries;
- WFP policies and operational practices (including the Environmental Policy, the Protection and Accountability Policy, the Food Storage Manual, and Standard Operating Procedures on COVID-19, protection for sexual exploitation and abuse, and community engagement mechanisms);

- The measures included in this ESMF and the Annexes to this ESMF (including simplified Labor Management Procedures, Landmine Procedures, and a Safety and Security Approach); and
- The Stakeholder Engagement Planprepared for this project.
- လူထုများနှင့် အကျိုးခံစားခွင့်ရှိသူများကို ရှာဖွေ၊ရွေးချယ်မှုအတွက် စီမံကိန်းဆောင်ရွက်မှု ဆိုင်ရာ ဒီဇိုင်း
- WFP ၏မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်မှု အလေ့အထများ( ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ကာကွယ် စောင့်ရှောက်မှုနှင့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာမူဝါဒ၊ စားနပ်ရိက္ခာသိုလှောင်ရေး လက်စွဲ နှင့် ကိုဗစ်-၁၉ ကာလ စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံ ဖြတ်မှုနှင့်စော်ကားမှုမှ ကာကွယ်စောင့်ရှောက်မှုနှင့် ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နည်းလမ်းများ အပါအဝင်)
- အစီအမံများကို ဤESMF နှင့် ESMF၏နောက်ဆက်တွဲများ ( အလွယ်ကူနားလည်နိုင်ရန် ရေးဆွဲထားသည့် အလုပ်သမားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ၊ မြေမြှုတ်မိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဘေးကင်း လုံခြုံမှုနှင့် လုံခြုံရေးဆိုင်ရာ နည်းလမ်းများ အပါအဝင်)တွင် ဖေါ်ပြထား သည်။
- ဤ စီမံကိန်းအတွက် ရေးဆွဲထားသည့် ဆက်စပ်ပတ်သက်သူများ ပါဝင်မှုစီမံချက်

**Implementation Arrangements**. The project will support an extension of WFP's current programs in Rakhine, Kachin, Chin, and Shan states. WFP will both implement directly and work closely with and through a strong pool of local and international NGOs in implementing and monitoring its program. At WFP, the project will be overseen by the Deputy Country Director (Programme) and will be directly managed by the Head of Programme (both based in Nay PyiTaw). Cooperating partners (CPs) will act as an implementing partner for some of the activities. The CPs will be mobilized to support WFP in assessing, distributing, and monitoring activities of the project. WFP will retain responsibility and technical oversight of CPs work. Agreements with CPs will include the requirement to comply with the environmental and social mitigation measures outlined in this ESMF. Local contractors, such as transportation companies, will be required to comply with the Project's environmental and social risk management measures, including the national laws and regulations and the ESMF.

**အကောင်အထည်ဖေါ်ဆောင်ရွက်ရန် ပြင်ဆင်စီမံမှုများ။** ။ ဤစီမံကိန်းသည် ရခိုင်၊ကချင်၊ချင်းနှင့် ရှမ်းပြည်နယ်များ ရှိ WFP က လက်ရှိဆောင်ရွက်နေသော အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အထောက်အကူပြုမည် ဖြစ်သည်။ WFPသည် မိမိအဖွဲ့အစည်းက ဆောင်ရွက်နေသော အစီအစဉ်များကို အကောင်အထည်ဖေါ်မှုနှင့် စောင့်ကြပ်ကြည့်ရှုမှုများကို ပြည်တွင်း၊ပြည်ပ NGO အဖွဲ့များစွာနှင့် နီးနီး ကပ်ကပ် လက်တွဲကာ အကောင်အထည ်ဖေါ်သွားမည် ဖြစ်သည်။အဆိုပါ စီမံကိန်းကို WFP မှ ဒုတိယကမ်းထရီးဒါရိုက်တာ (အစီအစဉ်)က ကြီးကြပ်ပြီး၊ အစီအစဉ်ဌာနကြီးမှူးက တိုက်ရိုက် စီမံခန့်ခွဲမည် ဖြစ်သည်(နှစ်ဦးလုံးနေပြည်တော်တွင် ရုံးထိုင်သည်။)။ မိတ်ဖက် အဖွဲ့အစည်းများ (CPs) သည် အချို့ လုပ်ငန်းများ၌ အကောင်အထည်ဖေါ်ဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့အစည်း များအဖြစ် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ CP များသည် စီမံကိန်းအား အကဲဖြတ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းများတွင် WFP ကိုအထောက်အကူပေးမည် ဖြစ်သည်။ WFP သည် CP၏ လုပ်ငန်းများတွင် ဆက်လက်တာဝန်ယူတာဝန်ခံမည် ဖြစ်သည့်အပြင် နည်းပညာအရ ကြီးကြပ်ပေး မည်လည်း ဖြစ်သည်။ CP များနှင့်ရေးထိုးသည့် သဘောတူစာချုပ်များ၌ ESMF တွင် ဖေါ်ပြထားသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်ဆုံးရှုံးနိုင်ချေ လျှော့ချမှု အစီအမံများအား လိုက်နာဆောင်ရွက်ရမည့်အချက်လည်း ပါဝင် သည်။ သယ်ယူပို့ဆောင်းရေး ကုမ္ပဏီများကဲ့သို့ ပြည်တွင်း ကန်ထရိုက်တာများသည် ပြည်တွင်း ဥပဒေများ၊ ထုတ်ပြန်ချက်များ နှင့် ESMF တို့အပါအဝင် စီမံကိန်းနှင့် ဆက်နွယ်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံး နိုင်ချေစီမံခန့်ခွဲမှု အစီအမံများကို လိုက်နာရန်လိုအပ်သည်။

**Monitoring.**WFP's monitoring activities are guided by WFP's Standard Operating Procedures for monitoring and tailored tools for distribution and post-distribution monitoring. WFP conducts monthly distribution monitoring focusing on distribution output and process, in addition to three rounds of detailed post-distribution monitoring which focus on the outcomes of WFP operations. WFP teams working to implement the project will ensure that monitoring practices include the environmental and social risks identified in the ESMF and will monitor the implementation of E&S risk management measures as part of regular project monitoring.

**စောင့်ကြပ်ကြည့်ရှုမှု။ ။** WFP၏ စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို ဖြန့်ဝေရေးနှင့်ဖြန့်ဝေပြီးကာလ စောင့်ကြပ် ကြည့်ရှုမှု လုပ်ငန်းများဆောင်ရွက်ရန် အခြေအနေလိုအပ်ချက် အလိုက်ရေးဆွဲပြီး၊ ့ WFP ကကျင့်သုံးသော စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သည်။ WFP သည် မိမိလုပ်ငန်းများ၏ ရလဒ်များကို ဦးတည်သော ဖြန့်ဝေပြီးကာလ စောင့်ကြပ်ကြည့်ရှုမှုအား အသေးစိတ် သုံးကြိမ်ပြု လုပ်သည့်အပြင် ဖြန့်ဝေရေးရလဒ်နှင့် လုပ်ငန်းစဉ် အဆင့်များကို ဦးတည်ကာ ဖြန့်ဝေရေးလုပ်ငန်းအား လစဉ်စောင့်ကြပ်ကြည့်ရှုမှုကို လည်းပြုလုပ်သည်။ စီမံကိန်းကို အကောင်အထည်ဖေါ်ဆောင်ရွက်နေသည့် WFP ၏ အဖွဲ့များသည် ESMF တွင်ဖေါ်ပြ သတ်မှတ်ထားသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေကို စောင့်ကြပ်ကြည့်ရှုမှုလည်း မလွဲမသွေပါဝင်အောင် ဆောင်ရွက်မည်ဖြစ်သည့်အပြင် စီမံကိန်းအား ပုံမှန်စောင့်ကြပ် ကြည့်ရှုမှု လုပ်ငန်းစဉ်တွင် E&S ထိခိုက်ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများကို အကောင်အထည် ဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုမှုကိုပါ ထည့်သွင်းဆောင်ရွက်မည်ဖြစ်သည်။

A separate **Stakeholder Engagement Plan**(SEP) has been prepared for the Project, based on WFP's Community Engagement Mechanism Standard Operating Procedures for Myanmar and the World Bank's Environmental and Social Standard 10 on Stakeholder Engagement. Under its Standard Operating Procedures for its Community Engagement Mechanism WFP already has an operational and accessible community feedback mechanism/grievance mechanism, which has various culturally appropriate means for stakeholders to raise feedback. This grievance mechanism will also be used for the World Bank supported project activities to receive and facilitate resolution of concerns and grievances. The grievance mechanism is also equipped to receive, register and facilitate the resolution of sexual exploitation and abuse complaints, in accordance with the WFP Standard Operating Procedures on sexual exploitation and abuse. WFP has a team of trained focal points to ensure referral of survivors to relevant service providers in a safe, confidential and survivor-centered manner.

WFP ၏ ရပ်ရွာလူထုပူးပေါင်းပါဝင်မှုနည်းလမ်း၊ မြန်မာနိုင်ငံတွင်း ကျင့်သုံးရန် စံသတ်မှတ်ထားသည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်ပတ်သက်သူများ ပါဝင်မှုနှင့်စပ်လျဉ်း သည့် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင်နှင့် လူမှုရေးစံနှုန်းများ (၁၀)တို့ကို အခြေခံသော **ဆက်စပ် ပတ်သက်သူများ ပါဝင်မှုဆိုင်ရာ သီးခြားစီမံချက် (SEP)** ကို စီမံကိန်းနှင့် ပူးတွဲဆောင်ရွက်ရန် ရေးဆွဲထားသည်။ ရပ်ရွာလူထုပူးပေါင်း ပါဝင်မှုနည်းလမ်းအတွက် စံသတ်မှတ်ထားသည့် လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ WFP တွင် လုပ်ငန်းဆောင်ရွက်မှုနှင့် အများလက်လှမ်းမီမှုရှိသည့် လူထုအား တုံ့ပြန်ဖြေကြားရေး/အမှန်အမှား ခွဲခြားထုတ်ပြန်ပေးသည့် နည်းလမ်းများ ရှိထားနှင့်ပြီးဖြစ်သည်။ ထိုနည်းလမ်းများသည် ဆက်စပ်ပတ်သက်သူများ အတွက် ပိုမိုတုံ့ပြန် ဖြေကြားနိုင်ရန် ယဉ်ကျေးမှု ထုံးတမ်း အမျိုးမျိုးနှင့် ဆီလျော်သော နည်းလမ်းလည်းဖြစ် သည်။အဆိုပါ နည်းလမ်းကို ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများတွင်

စိုးရိမ် ဖွယ်ရာကိစ္စများနှင့် အမှန်အမှားခွဲခြားထုတ်ပြန်တုံ့ပြန်ရမည့် ကိစ္စများဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံရရှိရေး သို့မဟုတ် ပေါ်ထွက်လာစေရေးဆောင်ရွက်ပေးရန် အတွက်အသုံးပြုမည်ဖြစ်သည်။ အထက်ပါ တုံ့ပြန်ဖြေကြားရေး နည်းလမ်းကို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှုကိစ္စ တိုင်ကြားမှုများအတွက် အဆိုပါကိစ္စများတွင် WFPက ကျင့်သုံးသော စံသတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ချက်များကို လက်ခံရရှိရေး သို့မဟုတ် ပေါ်ထွက်လာစေရေး အလို့ငှာ စီမံရေးဆွဲထားသည်။ ပြုကျင့်ခံရသူ များအား ဆီလျော်သည့် ဝန်ဆောင်မှုအဖွဲ့ထံ ဘေးကင်းလုံခြုံပြီး၊ အချက်အလက် မပေါက်ကြားစေသည့် နည်းလမ်းကိုသုံးကာ ပြုကျင့်ခံရသူအား ဗဟိုပြုသည့်နည်းလမ်းဖြင့် မလွဲမသွေ လွှဲပြောင်းပေးနိုင်ရန် WFP တွင် လေ့ကျင့် သင်တန်းပေးထားသည့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ ခန့်ထားသည်။